ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၁ / ၂၀၁၇
၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်
(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

## သင်္ဘောသားစုဆောင်းခြင်းနှင့်အလုပ်နေရာချထားခြင်းဆိုင်ရာ ဝန်ဆောင်မှုဆောင်ရွက်ပေးသော သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းနှင့်ပတ်သက်သည့် ညွှန်ကြားချက်အား ပြင်ဆင်ခြင်း

၁။ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန သည် မြန်မာနိုင်ငံကုန်သည်သင်္ဘော အက်ဥပဒေပုဒ်မ ၂၄၊ ၂၅ နှင့် ၂၆ တို့ပါ ပြဋ္ဌာန်းချက်များအရ သင်္ဘောသား စုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်းဆိုင်ရာ ဝန်ဆောင်မှုဆောင်ရွက်ပေးသော သင်္ဘောသားကိုယ်စားလှယ် လုပ်ငန်းနှင့် ပတ်သက်သည့်ညွှန်ကြားချက်များကို မြန်မာနိုင်ငံကုန်သည်သင်္ဘောအက် ဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ဤညွှန်ကြားချက်သည် သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်း (Seafarers Recruitment and Placement) တို့အတွက် ဝန်ဆောင်မှုကိုယ်စားလှယ်လုပ်ငန်း လုပ်ကိုင်ခွင့် ရရှိရေးအတွက် လိုင်စင်လျှောက်ထားခြင်းကိစ္စများ၊ သင်္ဘောသား ကိုယ်စားလှယ် လုပ်ငန်းက လုပ်ငန်းဆောင်ရွက်ရာတွင် တာဝန်ယူရမည့်ကိစ္စများနှင့် လိုက်နာဆောင်ရွက်ရမည့် ကိစ္စများဆိုင်ရာ ညွှန်ကြားချက်များဖြစ်သည်။

၃။ ဤညွှန်ကြားချက်တွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်သည်-

(က) ဦးစီးဌာန ဆိုသည်မှာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ကိုဆိုသည်။

(ခ) သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်း ဆိုသည်မှာ သင်္ဘောသား ကိုယ်စားလှယ်လုပ်ငန်းကသင်္ဘောပိုင်ရှင်ကိုယ်စားသင်္ဘောသားများ စုဆောင်းခြင်း၊ စုဆောင်းထားရှိသည့် သင်္ဘောသားများကို တာဝန်ထမ်းဆောင်ရမည့် သင်္ဘောများသို့ ရောက်ရှိရန်ဆောင်ရွက်ခြင်း၊ တာဝန်ပြီးဆုံးသည့်သင်္ဘောများမြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိစေရေး ဆောင်ရွက်ခြင်းစသည့်ဝန်ဆောင်မှုကိစ္စများအပြင် ချုပ်ဆိုထားသည့် သဘောတူစာချုပ်နှင့် အလုပ်အကိုင်စာချုပ်ပါ သင်္ဘောသား ကိုယ်စားလှယ်လုပ်ငန်းက တာဝန်ယူဆောင်ရွက်ပေးရမည့် လုပ်ငန်းအားလုံးကို ဆိုသည်။

(ဂ) သင်္ဘောသား ဆိုသည်မှာ ဦးစီးဌာနတွင်မှတ်ပုံတင်ထားသည့် သင်္ဘောသားကို ဆိုသည်။

(ဃ) လိုင်စင် ဆိုသည်မှာ ဦးစီးဌာနက ကုမ္ပဏီသို့မဟုတ် အသင်းအဖွဲ့များအား သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်ကိုသတ်မှတ်ထားသည့် ကာလအတွင်းခွင့်ပြုထားသော လက်မှတ်ကို ဆိုသည်။

(င) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်း (Seafarer Agency) ဆိုသည်မှာ ဦးစီးဌာနက လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ပေးထားသည့် သက်တမ်းရှိသော လိုင်စင်ကို ကိုင်ဆောင်ထားသည့် ကုမ္ပဏီ သို့မဟုတ် အသင်းအဖွဲ့ကိုဆိုသည်။

(စ) သင်္ဘောပိုင်ရှင် ဆိုသည်မှာ သင်္ဘောကို ပိုင်ဆိုင်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။ ယင်းစကားရပ်တွင် သင်္ဘောပိုင်ရှင်ထံမှ တာဝန်ယူထားပြီးသူဖြစ်သည့်အပြင် သင်္ဘောပိုင်ရှင်အပေါ် တင်ရှိမည့်တာဝန်နှင့်ဝတ္တရားများကို လွှဲပြောင်းခံယူပါမည်ဟု သဘောတူထားပြီးဖြစ်သော ထိုပိုင်ရှင်က တာဝန် ပေးအပ်ထားသည့် အောက်ပါပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများပါဝင်သည် -

(၁) သင်္ဘောအားစီမံခန့်ခွဲအုပ်ချုပ်သူနှင့်ကိုယ်စားလှယ်၊

(၂) သင်္ဘောစင်းလုံးငှါးရမ်းလုပ်ကိုင်သည့် သို့မဟုတ် အကျိုးတူဖက်စပ်လုပ်ငန်း လုပ်ကိုင်သည့် ပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများ။

(ဆ) သဘောတူစာချုပ် (Agreement Contract) ဆိုသည်မှာ သင်္ဘောပိုင်ရှင်နှင့် သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းတို့အကြား သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်းဆိုင်ရာ ဝန်ဆောင်မှုကိစ္စရပ်များအပြင် သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းက စုဆောင်းပေးသည့်သင်္ဘောသားများ အပေါ်သင်္ဘောပိုင်ရှင် ၏ တာဝန်ရှိမှုများအတွက်သင်္ဘောသား ကိုယ်စားလှယ် လုပ်ငန်းအား သင်္ဘောပိုင်ရှင်က တာဝန်ခံကြောင်းချုပ်ဆိုထားသည့် စာချုပ်ကို ဆိုသည်။

(ဇ) အလုပ်အကိုင်စာချုပ် (Seafarers' Employment Agreement) ဆိုသည်မှာ သင်္ဘောတွင်တာဝန်ထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ သင်္ဘောသားနှင့် သင်္ဘောပိုင်ရှင်တို့အကြား ချုပ်ဆိုသည့်စာချုပ်ကို ဆိုသည်။

(ဈ) General Agreement (GA) ဆိုသည်မှာ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ သင်္ဘောသားအဖွဲ့ အစည်းများ၊ သင်္ဘောပိုင်ရှင်နှင့် သင်္ဘောပိုင်ရှင်၏ ကိုယ်စားလှယ်များ၊ သုံးဦးသုံးဖလှယ် ညှိနှိုင်းရေးဆွဲထားသော မြန်မာသင်္ဘောသားများငှါးရမ်းရာတွင် သင်္ဘောသားနှင့် သင်္ဘောပိုင်ရှင်များအကြား အခြေခံအကျဆုံး သဘောတူ လိုက်နာရမည့် အချက်အလက်များနှင့် အခြေအနေများ (Terms and Condition) ကိုရေးဆွဲ ထားသော သဘောတူစာချုပ်ကိုဆိုသည်။

လိုင်စင်လျှောက်ထားခွင့်ရှိသည့် သတ်မှတ်ချက်များ

၄။ အောက်ပါသတ်မှတ်ချက် အထောက်အထားများနှင့်ပြည့်စုံပါက လိုင်စင်လျှောက်ထားခွင့် ရှိသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော ကုမ္ပဏီများသင်တန်းကျောင်းများနှင့်အသင်းအဖွဲ့များဖြစ်ရမည်။

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ဝန်ဆောင်မှုလုပ်ငန်းအတွက်ခွင့်ပြုချက်ရရှိပြီးဖြစ်ရမည်။

(ဂ) ဦးစီးဌာနက သတ်မှတ်ထားသော အာမခံအတွက် စပေါ်ငွေကို ပေးသွင်းနိုင်ရမည်။

လိုင်စင်လျှောက်ထားခြင်း

၅။ ဦးစီးဌာနကသတ်မှတ်ထားသည့်လျှောက်လွှာပုံစံနှင့်အတူ အထက်အပိုဒ် ၄ ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားများအပြင် အောက်ပါ အချက်အလက်နှင့် အထောက်အထားများပူးတွဲ၍ ဦးစီးဌာနသို့ တိုက်ရိုက်လျှောက်ထားရမည်-

(က) လိုင်စင်လျှောက်ထားသည့် ကုမ္ပဏီ/ အဖွဲ့အစည်းအား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးထားသည့်သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊

(ခ) လိုင်စင်လျှောက်ထားသည့်ကုမ္ပဏီ/ အဖွဲ့အစည်း၏ ဒါရိုက်တာများစာရင်း၊ (ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက အတည်ပြုထားသည့် ပုံစံ ၂၆ ပါ ဒါရိုက်တာများစာရင်း)

(ဂ) အထက်အပိုဒ်ခွဲ (ခ)ပါ ဒါရိုက်တာများ၏ကိုယ်ရေးရာဇဝင်၊

(ဃ) လိုင်စင်လျှောက်ထားသည့် ကုမ္ပဏီ/ အဖွဲ့အစည်း၏ သင်းဖွဲ့စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်း၊

(င) လိုင်စင်လျှောက်ထားသည့်ကုမ္ပဏီ/ အဖွဲ့အစည်း၏ ဖွဲ့စည်းပုံနှင့်အင်အား၊

(စ) လိုင်စင်လျှောက်ထားသည့်ကုမ္ပဏီ/ အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မည့် ရုံးခန်းအကျယ်အဝန်းနှင့် ပိုင်ဆိုင်မှု၊ (ရုံးခွဲရှိပါက သီးခြားဖော်ပြရန်)

(ဆ) လိုင်စင်လျှောက်ထားသည့်ကုမ္ပဏီ/ အဖွဲ့အစည်း၏ ရုံးခန်းလိပ်စာ၊ (ရုံးခွဲရှိပါက သီးခြားဖော်ပြရန်)

(ဇ) လိုင်စင်လျှောက်ထားသည့် ကုမ္ပဏီ/ အဖွဲ့အစည်း၏ မတည်ငွေရင်း၊

(ဈ) လိုင်စင် လျှောက်ထားသည့် ကုမ္ပဏီ/ အဖွဲ့အစည်း၏ ဒါရိုက်တာများသည် သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်နေရာ ချထားခြင်းဆိုင်ရာ ဝန်ဆောင်မှု ဆောင်ရွက်ပေးခြင်းနှင့် ပတ်သက်၍ ဦးစီးဌာနကသော်လည်းကောင်း၊ တရားရုံးကသော်လည်းကောင်း၊ အရေးယူခံခဲ့ရခြင်းမရှိကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ဝန်ခံချက်၊

လိုင်စင်ထုတ်ပေးခြင်း

၆။ ဦးစီးဌာနသည်သတ်မှတ်ချက်များနှင့် ပြည့်စုံကိုက်ညီသည့် လျှောက်ထားမှုများအတွက် သက်တမ်း(၁)နှစ် ရှိသော ယာယီလိုင်စင်ကိုကနဦး ထုတ်ပေးသွားမည်ဖြစ်သည်။ သဘော်သား ကိုယ်စားလှယ်လုပ်ငန်းသည် ယာယီလိုင်စင်ကိုင်ဆောင်ထားစဉ်ကာလအတွင်း ဦးစီးဌာနက ထုတ်ပြန်ထားသောညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်မှုရှိပါက ယာယီလိုင်စင်သက်တမ်းကုန်ဆုံးချိန်တွင် (၅)နှစ်သက်တမ်းရှိသောလိုင်စင်ကို ဆက်လက်ထုတ်ပေးသွားမည်ဖြစ်သည်။ (၅)နှစ်သက်တမ်းရှိသော လိုင်စင်ရရှိထားသော သဘော်သားကိုယ်စားလှယ်လုပ်ငန်းများအား နှစ်စဉ်ပုံမှန်စစ်ဆေးခြင်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။

လိုင်စင်ကြေး

၇။ လိုင်စင်လျှောက်ထားခြင်းအတွက် ဦးစီးဌာန၏ ခွင့်ပြုချက်ရရှိပါက အောက်ပါသက်ဆိုင်ရာလိုင်စင်ကြေးကို ဦးစီးဌာနမှတဆင့် နိုင်ငံတော်သို့ပေးသွင်းရမည်-

(က) ယာယီလိုင်စင်အတွက်(၅,၀၀,၀၀၀)ကျပ်

(ခ) (၅)နှစ်သက်တမ်းလိုင်စင်အတွက် (၁၀,၀၀,၀၀၀)ကျပ်

လိုင်စင်သက်တမ်းတိုးခြင်း

၈။ လိုင်စင်သက်တမ်းတိုးရန် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) လိုင်စင်သက်တမ်းတိုးရန်လိုင်စင်သက်တမ်းမကုန်မီ (၃)လကြိုတင်၍ ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

(ခ) လိုင်စင်သက်တမ်းတိုး လျှောက်ထားရာတွင် ဦးစီးဌာနက သတ်မှတ်ထားသော လိုင်စင်သက်တမ်းတိုး လျှောက်လွှာပုံစံနှင့်အတူ အောက်ပါအချက်အလက်နှင့် အထောက်အထားများပူးတွဲ၍ ဦးစီးဌာနသို့လျှောက်ထားတင်ပြရမည်-

(၁) လိုင်စင်သက်တမ်းတိုး လျှောက်ထားသည့် သဘော်သားကိုယ်စားလှယ်လုပ်ငန်းအား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေး ထားသည့် သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊

(၂) လိုင်စင်သက်တမ်းတိုး လျှောက်ထားသည့် သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်း၏ ဒါရိုက်တာများစာရင်း (ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက အတည်ပြုထားသည့် ပုံစံ၂၆ ပါ ဒါရိုက်တာများ စာရင်း)

(၃) အထက်အပိုဒ်ခွဲငယ် (၂)ပါ ဒါရိုက်တာများ၏ကိုယ်ရေးရာဇဝင်၊

(၄) လိုင်စင်သက်တမ်းတိုး လျှောက်ထားသည့် သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်း၏ ဖွဲ့စည်းပုံနှင့်အင်အားစာရင်း၊

(၅) လိုင်စင်သက်တမ်းတိုး လျှောက်ထားသည့် သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းနှင့် လုပ်ငန်းဆောင်ရွက်လျှက်ရှိသော သင်္ဘောပိုင်ရှင်များအကြားချုပ်ဆိုထားသည့် သဘောတူစာချုပ် (Agreement Contract) များ၊

(၆) လိုင်စင်သက်တမ်းတိုး လျှောက်ထားသည့် သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်း ဝန်ဆောင်မှုအစီအစဉ်ဖြင့် သက်ဆိုင်ရာသင်္ဘောများပေါ်တွင် လက်ရှိတာဝန် ထမ်းဆောင်လျက်ရှိသော သင်္ဘောသားများစာရင်း (Onboard Crew List)

(ဂ) (၅)နှစ်လိုင်စင်သက်တမ်းတိုး လျှောက်ထားခြင်းကို လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် လျှောက်ထားပါကပထမ (၃)လ အတွက် သက်ဆိုင်ရာလိုင်စင်ကြေး၏နှစ်ဆကိုလည်းကောင်း၊ ဒုတိယ(၃)လ အတွက် သက်ဆိုင်ရာ လိုင်စင်ကြေး၏လေးဆ ကိုလည်းကောင်း၊ မူလလိုင်စင်ကြေးအပြင် ထပ်ဆောင်း၍ ဦးစီးဌာနမှတဆင့်နိုင်ငံတော်သို့ ပေးသွင်းရမည်။

၉။ ဦးစီးဌာနသည် သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်း၏ လိုင်စင်သက်တမ်း ကုန်ဆုံးချိန်မှစ၍ သင်္ဘောသားစုဆောင်းစေလွှတ်ခွင့်ကို ဆိုင်းငံ့ထားမည်ဖြစ်ပြီး (၆)လအတွင်း ယာယီလိုင်စင်နှင့် (၅)နှစ် သက်တမ်းလိုင်စင်သက်တမ်းတိုးရန် လျှောက်ထားလာခြင်းမရှိပါက ဦးစီးဌာနကထုတ်ပေးထားသည့်လိုင်စင်ကိုအပြီးရုပ်သိမ်းသွားမည်ဖြစ်သည်။

သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းများတာဝန်ခံ၍လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များနှင့်သတ်မှတ်ချက်များ

၁၀။ သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းများသည် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်လုပ်ငန်းတာဝန်များကို တာဝန်ခံ၍လိုက်နာဆောင်ရွက်ရမည်-

(က) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းနှင့် သင်္ဘောပိုင်ရှင်တို့အကြားချုပ်ဆိုသည့် သဘောတူစာချုပ် (Agreement Contract) တွင် ပါရှိသောသင်္ဘောသားများ တာဝန်ထမ်းဆောင်ခြင်းနှင့် ပတ်သက်၍ စာချုပ်ပါအခွင့်အရေးများသည် ဦးစီးဌာန

နှင့်သင်္ဘောသားအဖွဲ့အစည်းများ ညှိနှိုင်းရေးဆွဲထားသည့်အထွေထွေ သဘောတူညီချက် (General Agreement) တွင်ပါရှိသောသင်္ဘောသားများ ခံစားခွင့်ရှိသည့် အခွင့်အရေးများနှင့်ကိုက်ညီမှုရှိရမည်သို့တည်းမဟုတ်ပိုမိုကောင်းမွန်ရမည်။

(ခ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းက စုဆောင်းတာဝန် ထမ်းဆောင်စေသည့် သင်္ဘောသားများနှင့် သက်ဆိုင်သည့်သဘောတူစာချုပ် (Agreement Contract) တွင်ပါရှိသော သင်္ဘောသားများ ခံစားခွင့်ရှိသည့်အခွင့်အရေးများ၊ ခွင့်ခံစားခွင့်များ၊ ထိခိုက်ဒဏ်ရာရ နာမကျန်းဖြစ်ခြင်းတို့အပေါ် ဆေးကုသခြင်းနှင့်ဆေးခွင့်လစာကိစ္စများ၊ လစာကိစ္စများနှင့် သေဆုံးခြင်းဆိုင်ရာလျော်ကြေးကိစ္စများနှင့်ပတ်သက်၍ သက်ဆိုင်ရာသင်္ဘောသား သို့မဟုတ် သင်္ဘောသား၏ဥပဒေနှင့်အညီခံစားခွင့်ရှိသည့် အမွေခံက အမှန်တကယ်ရရှိခံစားနိုင်ရေး မပျက်မကွက်တာဝန်ယူ ဆောင်ရွက်ပေးရမည်။

(ဂ) သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်းဆိုင်ရာ ဝန်ဆောင်မှုကိစ္စများနှင့်ပတ်သက်၍ သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းတွင် တာဝန်ထမ်းဆောင် ထမ်းဆောင်လျှက်ရှိသောဝန်ထမ်းများ၏ ပြုမူဆောင်ရွက်ချက်များကို သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းကအပြည့်အဝတာဝန်ယူရမည်။

(ဃ) သင်္ဘောပိုင်ရှင်ကိုယ်စားစေလွှတ်မည့် သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် တာဝန်ထမ်းဆောင်မည့် သင်္ဘောသားနှင့် အလုပ်အကိုင်စာချုပ် (Seafarers' Employment Agreement)မချုပ်မီသက်ဆိုင်ရာသဘောတူစာချုပ် (Agreement Contract) တွင် ပါရှိသောသင်္ဘောသားများ၏ အခွင့်အရေးများနှင့်တာဝန်များကို သက်ဆိုင်ရာသင်္ဘောသားက သေချာစွာနားလည်သဘောပေါက်မှုရှိစေရေးအတွက် ရှင်းလင်းထားရမည်။

(င) သင်္ဘောသားကိုယ်စားလှယ် လုပ်ငန်းသည်သဘောတူစာချုပ် (Agreement Contract) နှင့်အလုပ်အကိုင်စာချုပ် (Seafarers' Employment Agreement) တို့ကို မြန်မာဘာသာပြန်ဆို၍ နိုတြီပတ်ဗလစ် (Notary Public) ပြုလုပ်ထားရမည်။ အငြင်းပွားမှု/ တောင်းဆိုမှုတစ်စုံတစ်ရာဖြစ်ပွားပါက မြန်မာဘာသာဖြင့် ပြန်ဆို၍ နိုတြီပြုလုပ်ထားသော သဘောတူစာချုပ် (Agreement Contract)နှင့် အလုပ်အကိုင်စာချုပ် (Seafarers' Employment Agreement) ပါအချက်အလက်များကိုသာ တရားဝင်အထောက်အထား အဖြစ်မှတ်ယူ၍ဦးစီးဌာနက ဆုံးဖြတ်ဆောင်ရွက်သွားမည်။

(စ) သင်္ဘောပိုင်ရှင်ကိုယ်စား သင်္ဘောသား ကိုယ်စားလှယ်လုပ်ငန်းသည် တာဝန်ထမ်းဆောင်မည့် သင်္ဘောသားနှင့် အလုပ်အကိုင်စာချုပ် (Seafarers' Employment Agreement) ချုပ်ရာတွင်သက်ဆိုင်ရာ သဘောတူစာချုပ်

(General Agreement ) နှင့်အလုပ်အကိုင်စာချုပ် (Seafarers' Employment Agreement) စာချုပ်တို့တွင်ပါရှိသော သဘောတူညီကြမည့် အချက်များကို သက်ဆိုင်ရာသင်္ဘောသားက သေချာစွာရှင်းလင်း သဘောပေါက်မှုရှိစေရေးအတွက် ဖတ်ရှုခြင်း၊ စိစစ်စုံစမ်းခြင်းများဆောင်ရွက်နိုင်ရန် လက်မှတ်ရေးထိုးခြင်းမပြုမီနှင့် လက်မှတ်ရေးထိုးပြီးနောက် လုံလောက်သောအချိန်နှင့် သင့်လျော်သောပြင်ဆင်မှုများကို ဆောင်ရွက်ပေးထားရမည်။ ထို့အပြင်သင်္ဘောသား လက်မှတ်ရေးထိုးပြီးသောအလုပ်အကိုင်စာချုပ် (Seafarers' Employment Agreement) (မြန်မာ/အင်္ဂလိပ်) ကိုကုမ္ပဏီတွင် လက်ခံထိန်းသိမ်းထားပြီး သင်္ဘောသားသို့မိတ္တူ (၁)စုံ ပေးရမည်။

(ဆ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်း၏ အစီအစဉ်ဖြင့် တာဝန်ထမ်းဆောင်သည့် သင်္ဘောသားများနှင့် သင်္ဘောပိုင်ရှင်အကြား အငြင်းပွားမှုနှင့်တောင်းဆိုမှု တစ်စုံတစ်ရာ ပေါ်ပေါက်ပါက သင်္ဘောပိုင်ရှင်နည်းတူ သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည်လည်း ချုပ်ဆိုထားသည့် စာချုပ်များအရ တာဝန်ရှိကြောင်း သင်္ဘောသား ကိုယ်စားလှယ်လုပ်ငန်း၏ ဒါရိုက်တာများ၊ အကျိုးတူ ဖက်စပ်လုပ်ငန်းဆောင်ရွက်သည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများက ရှင်းလင်းစွာသိရှိထားပြီးဖြစ်ရမည်။

(ဇ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် သဘောတူစာချုပ် (Agreement Contract) ပါ သင်္ဘောသားများ၏ အခွင့်အရေးများကို သင်္ဘောပိုင်ရှင်က အမှန်တကယ် ဆောင်ရွက်ပေးနိုင်သည့်အာမခံ (သို့မဟုတ်) P & I အကာအကွယ်ထားရှိနိုင်မှသာအဆိုပါသင်္ဘောပိုင်ရှင်နှင့်လုပ်ငန်းဆောင်ရွက်သွားရမည်။

(ဈ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် တာဝန်ထမ်းဆောင်စေမည့် သင်္ဘောသားကိုတာဝန်ထမ်းဆောင်စဉ် ကာလတစ်လျှောက်လုံး အာမခံအကာအကွယ်ရှိသော သင်္ဘောသို့သာ စေလွှတ်တာဝန်ထမ်းဆောင်နိုင်ရေးဆောင်ရွက်ရမည်။

(ည) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် သင်္ဘောသားများအား စုဆောင်း၍ မိမိနှင့်လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် သင်္ဘောပိုင်ရှင်များ၏ သင်္ဘောများသို့ စေလွှတ်တာဝန်ထမ်းဆောင်စေခြင်းကိစ္စများ ဆောင်ရွက်ရာတွင် ဦးစီးဌာနက ဆောင်ရွက်ပေးရသည့် ဝန်ဆောင်မှုအပေါ် သက်ဆိုင်ရာ သင်္ဘောသား တာဝန်ထမ်းဆောင်သည့် ကာလအတွက် Off Shore (Accommodation Barge) တွင်တာဝန်ထမ်းဆောင်လျှင် တစ်ကြိမ်လျှင် ၁၀၀၀၀ နှုန်းဖြင့် Off Shore (Accommodation Barge) မှ လွဲ၍ကျန်သင်္ဘောများတွင် တစ်ကြိမ်လျှင်၃၀၀၀၀နှုန်းဖြင့်ဦးစီးဌာနမှတဆင့်နိုင်ငံတော်သို့ပေးသွင်းရမည်။

(ဋ) သင်္ဘောသား ကိုယ်စားလှယ်လုပ်ငန်းသည် ဦးစီးဌာနက တရားဝင်ထုတ်ပေးထားသည့် လိုင်စင်ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းပေးခြင်း၊ အသုံးပြုစေခြင်းမပြုရ။

(ဌ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်း သည် ဦးစီးဌာနက ထုတ်ပေးထားသည့် လိုင်စင်ကို မိမိရုံးလုပ်ငန်းဆောင်ရွက်သည့်ရုံးခန်း (လိုင်စင်လျှောက်ထားစဉ်က ဖော်ပြထားသည့် ရုံးခန်း) အတွင်း အများပြည်သူ လွယ်ကူစွာမြင်နိုင်သည့်နေရာတွင် ချိတ်ဆွဲထားရမည်။ ရုံးခွဲများရှိပါက လိုင်စင်မိတ္တူကို ရုံးခွဲများအတွင်း အများပြည်သူလွယ်ကူစွာမြင်နိုင်သည့် နေရာတွင် ချိတ်ဆွဲထားရမည်။

(ဍ) သင်္ဘောသား ကိုယ်စားလှယ်လုပ်ငန်းသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်(ILO)နှင့် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO) တို့မှထုတ်ပြန်ထားသည့်သင်္ဘောသားစုဆောင်းခြင်းနှင့်အလုပ်နေရာချထားခြင်းဆိုင်ရာသတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်ရမည်။

(ဎ) သင်္ဘောသား ကိုယ်စားလှယ်လုပ်ငန်းသည် မြန်မာနိုင်ငံ ကုန်သည်သင်္ဘောအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို တိကျစွာလိုက်နာရမည်။ အထူးသဖြင့် အဆိုပါအက်ဥပဒေပုဒ်မ ၂၆(က) ပါ ပြဋ္ဌာန်းချက်အရ သင်္ဘောသားများ အလုပ်အကိုင်ရရှိရေးအတွက် ဆောင်ရွက်ပေးခြင်းနှင့် ပတ်သက်၍ ဝန်ဆောင်ခငွေကြေးတစ်စုံတစ်ရာ တောင်းခံခြင်း မပြုရဟူသော အချက်ကို တိကျစွာ လိုက်နာရမည်။

(ဏ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည်ဦးစီးဌာနက ထုတ်ပြန်ထားသည့်အမိန့်၊ ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို လိုက်နာ၍ လုပ်ငန်းဆောင်ရွက်ရမည်။

(တ) သင်္ဘောသား ကိုယ်စားလှယ်လုပ်ငန်း၏ရုံးခန်းတွင် အောက်ပါမှတ်တမ်းများနှင့် အထောက်အထားများကို နောက်ဆုံး အခြေအနေနှင့် ကိုက်ညီအောင် ပြုစုထားရှိရမည်-

(၁) စုဆောင်း၊တာဝန်ထမ်းဆောင်စေသည့်သင်္ဘောသားအမည်နှင့် နေရပ်လိပ်စာ

(၂) သင်္ဘောသားများ သက်ဆိုင်ရာသင်္ဘောသို့ ရောက်ရှိ တာဝန်ထမ်းဆောင်ခြင်းနှင့် တာဝန်ပြီးဆုံးခြင်း(Sign on/ Sign off) မှတ်တမ်း

(၃) စုဆောင်း၊ တာဝန်ထမ်းဆောင်စေသည့် သင်္ဘောသားများ၏ ဆေးစစ်ဆေးချက်မှတ်တမ်းများ

(၄) စုဆောင်း၊ တာဝန်ထမ်းဆောင်စေသည့် သင်္ဘောသားများ၏ ကိုယ်ရေးအချက်အလက်များ

(၅) စုဆောင်း၊ တာဝန်ထမ်းဆောင်စေသည့် သင်္ဘောသားများ၏ အလုပ်အကိုင်စာချုပ် (Seafarers' Employment Agreement) မူရင်းများ

(၆) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းနှင့် သင်္ဘောပိုင်ရှင် တို့အကြားချုပ်ဆို ထားသော သဘောတူစာချုပ် (Agreement Contract) မူရင်းများ၊

(၇) စုဆောင်း၊ တာဝန်ထမ်းဆောင်စေသည့် သင်္ဘောသား တစ်ဦးခြင်းစီ၏ ကျွမ်းကျင်မှုလက်မှတ် (CoC) နှင့်တတ်ကျွမ်းမှုလက်မှတ် (CoP) မိတ္တူများ

(၈) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်း အစီအစဉ်ဖြင့် သက်ဆိုင်ရာ သင်္ဘောတွင် တာဝန်ထမ်းဆောင်စဉ် သေဆုံးသော/ ဒဏ်ရာရရှိသော သင်္ဘောသား တစ်ဦးခြင်းနှင့် ပတ်သက်သည့် အောက်ပါမှတ်တမ်းများ-

(ကက) ဥပဒေအရအမွေဆက်ခံခွင့်ရှိသူ

(ခခ) သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ် (SIRB)

(ဂဂ) မြန်မာနိုင်ငံကူးလက်မှတ်

(ဃဃ) သင်္ဘောအမည်

(ငင) သင်္ဘောပိုင်ရှင်လိပ်စာ

(စစ) အခင်းဖြစ်ပွားသည့် ရက်စွဲ၊ နေရာနှင့်ဖြစ်ပွားပုံ

(ဆဆ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းကဆောင်ရွက်ပေးမှုမှတ်တမ်း

(၉) သင်္ဘောသား ကိုယ်စားလှယ်လုပ်ငန်းနှင့် လုပ်ငန်း ဆောင်ရွက်ချက်ရှိသည့် သင်္ဘောပိုင်ရှင်၏အချက်အလက်များ(Company Profile)

(၁၀) သင်္ဘောသား ကိုယ်စားလှယ်လုပ်ငန်းနှင့် လုပ်ငန်း ဆောင်ရွက်လျှက်ရှိသည့် သင်္ဘောပိုင်ရှင်၏ သင်္ဘောတစ်စီးချင်းစီအလိုက် သင်္ဘောပေါ်တွင် တာဝန် ထမ်းဆောင်လျှက် ရှိသည့် နောက်ဆုံး အခြေအနေနှင့် ကိုက်ညီသော သင်္ဘောသားစာရင်း (Up to Date Onboard Crew List)

(၁၁) စုဆောင်း၊ တာဝန်ထမ်းဆောင်စေသည့် သင်္ဘောသားနှင့် သင်္ဘောပိုင်ရှင် အကြား ဖြစ်ပွားသည့်ကိစ္စများနှင့် အဆိုပါကိစ္စများအပေါ် သင်္ဘောသား ကိုယ်စားလှယ်လုပ်ငန်းက ဆောင်ရွက်ပေးမှုမှတ်တမ်းများ။

(ထ) သင်္ဘောသားကိုယ်စားလှယ် လုပ်ငန်းသည် ဦးစီးဌာနနှင့် ရုံးလုပ်ငန်းကိစ္စများ ဆက်သွယ် ဆောင်ရွက်နိုင်ရန်အတွက် သင်္ဘောသားကိုယ်စားလှယ် လုပ်ငန်း၏ ကုမ္ပဏီမှတ်ပုံတင်တွင် ပါရှိသော ဒါရိုက်တာအဖွဲ့ဝင်များမှ နှစ်ဦး သို့မဟုတ် သုံးဦး အား ကိုယ်စားလှယ်အဖြစ် ဦးစီးဌာန၏ ခွင့်ပြုချက်အရ ခန့်အပ်တာဝန် ပေးထား ရမည်။

(ဒ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်း၏ အစီအစဉ်ဖြင့် သက်ဆိုင်ရာသင်္ဘောများ တွင် တာဝန်ထမ်းဆောင်လျှက်ရှိသော သင်္ဘောသားများ၏ Sign on/ Sign off

စာရင်းနှင့် သင်္ဘောတစ်စီးချင်းစီအလိုက် Onboard စာရင်းကို ဦးစီးဌာန၏ သင်္ဘောသားဌာနခွဲသို့လစဉ် ပထမပတ်အတွင်း ပေးပို့တင်ပြရမည်။

(ခ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်း၏ အစီအစဉ်ဖြင့်သက်ဆိုင်ရာသင်္ဘောများတွင် တာဝန်ထမ်းဆောင်လျှက်ရှိသော သင်္ဘောသားများ၏ ရာထူးအဆင့်များအလိုက် လစာနှုန်းထားပြောင်းလဲခြင်း၊ သင်္ဘောပိုင်ရှင်၏ အစီအစဉ်ဖြင့် သင်္ဘောပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခြင်း၊ ရာထူးအဆင့်ပြောင်းလဲခြင်းရှိသည့် အချိန်တိုင်းတွင် ဦးစီးဌာန၏ သင်္ဘောသားဌာနခွဲသို့ လစာစာရင်း၊ ရာထူးပြောင်းလဲမှုစာရင်းနှင့်တကွ အချိန်နှင့်တပြေးညီ ပေးပို့တင်ပြရမည်။ စာမေးပွဲဖြေဆိုရန်ရှိသည့် စာမေးပွဲဖြေဆိုရန်ရှိသည့် သင်္ဘောများအတွက် သင်္ဘောသားများအတွက် သင်္ဘောပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခြင်း၊ ရာထူးအဆင့် ပြောင်းလဲခြင်းကိစ္စများကို ရာထူးအဆင့် ပြောင်းလဲခြင်းကိစ္စများကို ရေကြောင်းဌာနခွဲနှင့် ရေကြောင်းအင်ဂျင်နီယာဌာနခွဲ တို့သို့ အချိန်မီပေးပို့တင်ပြရမည်။

(ဂ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် သင်္ဘောပိုင်ရှင်၏ စီမံခန့်ခွဲမှုအောက်တွင် ရှိသောသင်္ဘောများတွင် တာဝန်ထမ်းဆောင်ရန် သင်္ဘောသားများစေလွှတ်ခြင်းကို အဆိုပါသင်္ဘောပိုင်ရှင်နှင့် ချုပ်ဆိုထားသော သဘောတူစာချုပ် (Agreement Contract) ၏သက်တမ်းကာလအတွင်း၌သာ ဆောင်ရွက်ရမည်။

(ဃ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် ငှါးရမ်းအသုံးပြုသည့် သင်္ဘောသားများ နှင့်ပတ်သက်၍ တာဝန်ထမ်းဆောင်ရန်မြန်မာနိုင်ငံမှထွက်ခွာသည့်အချိန်မှပြန်လည် ရောက်ရှိသည့်အချိန်အထိ ကာလအတွင်း သင်္ဘောသားများ၏ သေဆုံးမှု၊ ထိခိုက် ဒဏ်ရာရမှု၊ သင်္ဘောနစ်မြုပ်မှုတို့အပြင် မည်သည့်ထူးခြားမှုဖြစ်စဉ်ကိုမဆို ဦးစီးဌာန ၏ သင်္ဘောသားဌာနခွဲသို့ အချိန်နှင့်တပြေးညီ သတင်းပို့တင်ပြရမည်။

(င) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည်စုဆောင်းထားသည့် သင်္ဘောသားများကို တာဝန်ထမ်းဆောင်မည့် သင်္ဘောသို့ စေလွှတ်နိုင်ရန်အတွက် အောက်ဖော်ပြပါ စာရွက်စာတမ်းများ ဦးစီးဌာနသို့ တင်ပြပြီးခွင့်ပြုချက်ရရှိမှသာ သင်္ဘောသားများ စေလွှတ်ခြင်းကို ဆောင်ရွက်သွားရမည်-

(၁) သင်္ဘောသားများ တာဝန်ထမ်းဆောင်မည့်သင်္ဘော၏ ပိုင်ရှင်နှင့် ချုပ်ဆိုထား သည့်သဘောတူစာချုပ် (Agreement Contract) များ၊

(၂) သင်္ဘောပိုင်ရှင်များ၏ ကုမ္ပဏီ Profile နှင့်ကုမ္ပဏီမှတ်ပုံတင်(Registration) များ၊

(၃) သင်္ဘောပိုင်ရှင်အလိုက် သင်္ဘောစာရင်း၊

(၄) သင်္ဘောတစ်စီးခြင်းအလိုက်သင်္ဘောသားများ၏လစာစာရင်း၊

(၅) သင်္ဘောသားများ၏ လူမှုလုံခြုံရေး (Social Security) အတွက် အာမခံထားရှိသည့် P&I Club များ၊

(၆) MLC သတ်မှတ်ချက်များအတိုင်း ရေးသားထားသော SEA (အင်္ဂလိပ်/ မြန်မာ)

(ဗ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်း အစီအစဉ်ဖြင့် သင်္ဘောသားများအား တာဝန်ထမ်းဆောင်မည့် သက်ဆိုင်ရာသင်္ဘောများသို့ စေလွှတ်ရာတွင် အဆိုပါ သင်္ဘောသားများကိုင်ဆောင်သည့် ကျွမ်းကျင်မှုလက်မှတ် (Certificate of Competency) နှင့်တတ်ကျွမ်းမှုလက်မှတ် (Certificate of Proficiency) များသည် ဦးစီးဌာနက ထုတ်ပေးထားသည့် လက်မှတ်အစစ်များဖြင့်သာ တာဝန်ထမ်းဆောင်ရေး တိကျစွာ ဆောင်ရွက်ပေးရမည်။ ထို့အပြင်သက်ဆိုင်ရာ သင်္ဘောသားများ ကိုင်ဆောင်ထားသည့်ကျွမ်းကျင်မှုလက်မှတ်တွင် ဖော်ပြထားသော Capacity နှင့် Limitation တို့အရသက်ဆိုင်ရာ သင်္ဘောပိုင်ရှင်များက အလုပ်တာဝန် ခန့်ထားစေရေး သေချာမှုရှိစေရန်အတွက် ဆောင်ရွက်ရမည်။ စုဆောင်း၊ တာဝန် ထမ်းဆောင်စေသည့် သင်္ဘောသားအား လက်မှတ်အတုများ ကိုင်ဆောင်နိုင်ရန် ဆောင်ရွက်ပေးခြင်း သို့မဟုတ် အားပေးကူညီခြင်း၊ သင်္ဘောသား၏လုပ်သက်မှတ်တမ်း SIRB အား အတုကိုင်ဆောင်ခြင်း၊ ပြင်ဆင်ခြင်းများအတွက် ဆောင်ရွက်ပေးခြင်း သို့မဟုတ် အားပေးကူညီခြင်းကို လုံးဝ(လုံးဝ) ဆောင်ရွက်ခြင်းမပြုရ။

(ဘ) သင်္ဘောသား ကိုယ်စားလှယ်လုပ်ငန်းသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် ကုမ္ပဏီသက်တမ်းတိုး ဆောင်ရွက်ခြင်းကို ပုံမှန်ဆောင်ရွက်သွားရမည်။ သင်္ဘောသား ကိုယ်စားလှယ်လုပ်ငန်းအား ကုမ္ပဏီမှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ခြင်းခံရပါက ဦးစီးဌာနက ထုတ်ပေးထားသော လိုင်စင်သည်လည်း အလိုအလျောက် ပျက်ပြယ်သွားမည်ဖြစ်သည်။

(မ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် စုဆောင်းထားသည့် သင်္ဘောသားများအားတာဝန်ထမ်းဆောင်မည့် သင်္ဘောသို့ မစေလွှတ်မီ ဦးစီးဌာနက အသိအမှတ်ပြုထားသည့် ဆရာဝန်များနှင့် ကျန်းမာရေးခါတ်ခွဲခန်းများ၌သာ ဆေးစစ်ခြင်းကို ဆောင်ရွက်စေရမည်။

(ယ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် စုဆောင်းထားသည့် သင်္ဘောသားများအားတာဝန်ထမ်းဆောင်မည့် သင်္ဘောသို့ စေလွှတ်ရာတွင် ဦးစီးဌာန၏ သင်္ဘောသားဌာနခွဲတွင် သင်္ဘောသားတစ်ဦးချင်းစီအတွက် ခွင့်ပြုချက် တောင်းခံပြီး ထွက်ခွာခွင့်ပြုကြောင်းစာ ရရှိမှသာ သက်ဆိုင်ရာသင်္ဘောသို့ စေလွှတ်ခြင်းကို ဆောင်ရွက်ရမည်။

(ရ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် သင်္ဘောသားများ၏ အလုပ်တာဝန်ထမ်းဆောင်ခြင်းဆိုင်ရာ (Ability and Conduct) ကိစ္စများကို လည်းကောင်း၊ သင်္ဘောသား၏ပုဂ္ဂိုလ်ရေးဆိုင်ရာ ထိန်းသိမ်းစောင့်စည်းရမည့် အချက်အလက်များကိုလည်းကောင်း၊ သတင်းပေးခြင်း၊ ထုတ်ပြန် ကြေငြာခြင်းများကြောင့် သင်္ဘောသား၏ အလုပ်အကိုင်အခွင့်အလမ်းကို ထိခိုက်စေသည့် ပြုမူဆောင်ရွက်ခြင်းများကို ရှောင်ကျဉ်ရမည်။

(လ) သင်္ဘောသား ကိုယ်စားလှယ်လုပ်ငန်းသည် တာဝန်ပေး စေလွှတ်ထားသည့် သင်္ဘောသားအား တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိရေးအတွက် စီစဉ်ပေးထားရမည်ဖြစ်ရာ အဆိုပါအစီအစဉ်အား သင်္ဘောသားက ငြင်းဆို၍ သင်္ဘောသား၏ အစီအစဉ်ဖြင့် ဆောင်ရွက်သွားရန်ရှိပါက သင်္ဘောသား Sign Off ပြုလုပ်ပြီး တစ်ပတ်အတွင်း သင်္ဘောသား တာဝန်ထမ်းဆောင်ခဲ့သည့် သင်္ဘောပိုင်ရှင်က ထုတ်ပေးသည့် အကြောင်းကြားစာနှင့်အတူ ဦးစီးဌာနသို့ တင်ပြထားရမည်။

(ဝ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်မှု အရည်အသွေးကို စစ်ဆေးမှု ခံယူနိုင်ရေးအတွက် အရည်အသွေး စီမံခန့်ခွဲမှုစနစ် (Quality Management System) ကိုရေးဆွဲထားရမည်။ အဆိုပါ ရေးဆွဲထားသည့် အရည်အသွေးစီမံခန့်ခွဲမှုစနစ်ကို လုပ်ငန်းဆောင်ရွက်လျှက်ရှိသည့် သင်္ဘောပိုင်ရှင်များ၏ သင်္ဘောများ မှတ်ပုံတင်ထားသည့် နိုင်ငံများက လက်ခံထားသည့် Classification Society များ၏ စစ်ဆေးမှုကိုခံယူပြီး MLC 2006 တွင် ပြဌာန်းထားသည့် လိုအပ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားကြောင်း အသိအမှတ်ပြုလက်မှတ်များ ရယူထားရမည်။

(သ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် ဤညွှန်ကြားချက်ပါ ကိစ္စရပ်များနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ထားမှု အခြေအနေများနှင့် နောက်ဆုံး အခြေအနေနှင့်ကိုက်ညီသော မှတ်တမ်းနှင့် အထောက်အထားများကို အစစ်ဆေးခံနိုင်ရေးအတွက် စနစ်တကျဆောင်ရွက်ထားရမည်။

(ဟ) ယာယီလိုင်စင်ကြေး အာမခံစပေါ်ငွေအား ညွှန်ကြားရေးမှူးချုပ်မှ ခွင့်ပြုချက်ရရှိပြီး ခွင့်ပြု(၃)လအတွင်း ငွေပေးသွင်းခြင်းမရှိက ခွင့်ပြုမိန့်ပယ်ဖျက်ရမည်။

(ဠ) ကုမ္ပဏီအမည်ပြောင်းခြင်းအတွက် ငွေကျပ် ၅၀၀၀၀/-၊ Board of Director အဖွဲ့တိုး/လျော့ပြောင်းလဲခြင်း၊ လိပ်စာပြောင်းခြင်း ငွေကျပ် ၁၀၀၀၀/- နိုင်ငံတော်သို့ ပေးသွင်းရမည်။

(အ) MLC A1.4 Paragraph 5(C)(iv)အရ Foreign Port တွင် Standard မဖြစ်အောင် SRPS တွင် တာဝန်ရှိသည်။

စပေါ်ငွေ (Deposit)

၁၁။ သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် ဦးစီးဌာနက လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်းခံရပါ က အာမခံအဖြစ် စပေါ်ငွေကျပ် (၅၀,၀၀,၀၀၀) ကို ဦးစီးဌာန၏ ငွေစာရင်း၌ ပေးသွင်း၍ အာမခံအဖြစ် စပေါ်တင်ထားရမည်။

၁၂။ ဦးစီးဌာနသည် သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းက အာမခံအဖြစ် ထားရှိသော စပေါ်ငွေမှ အောက်ပါကြွေးကျန်နှင့် ငွေကြေးများကိုထုတ်ယူ၍ နိုင်ငံတော်သို့ပေးသွင်းခြင်း၊ သက်ဆိုင်ရာသို့ ထုတ်ပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်-

(က) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းက ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် သင်္ဘောသားအား စုဆောင်းခြင်း၊ တာဝန်ထမ်းဆောင်စေခြင်းကိစ္စများ ဆောင်ရွက်ရာတွင် ဦးစီးဌာနက ဆောင်ရွက်ပေးရသည့် ဝန်ဆောင်မှုများအတွက် နိုင်ငံတော်သို့ပေးသွင်းရန်ရှိသော ဝန်ဆောင်ခအကြွေးကျန်များ၊

(ခ) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းက စုဆောင်းတာဝန်ထမ်းဆောင်စေသည့် သင်္ဘောသားများ၏နစ်နာမှုနှင့် ပတ်သက်၍ ဦးစီးဌာနက ဆုံးဖြတ်ပေးသော သင်္ဘောသား၏ ရပိုင်ခွင့်ငွေကြေးများ၊

၁၃။ အထက်အပိုဒ်(၁၂) အရ စပေါ်ငွေမှ ထုတ်ယူသဖြင့် လျော့နည်းသွားသည့်ငွေကြေးကို သင်္ဘောသား ကိုယ်စားလှယ်လုပ်ငန်းသည် ဦးစီးဌာနမှ အကြောင်းကြားစာရရှိပြီး ရက်သတ္တတစ်ပတ်အတွင်း ပြန်လည်ဖြည့်တင်းထားရမည်။

၁၄။ သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် အောက်ပါအခြေအနေများတွင် အာမခံထားရှိသည့်စပေါ်ငွေကို ပြန်လည်ထုတ်ယူခွင့်ရှိသည်-

(က) လိုင်စင်ရုပ်သိမ်းခံရခြင်း၊

(ခ ) လိုင်စင်အား ပြန်လည်အပ်နှံခြင်း

လိုင်စင်အားရုပ်သိမ်းခြင်း

၁၅။ အောက်ပါအခြေအနေများတွင် ဦးစီးဌာနသည် သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းအား ထုတ်ပေးထားသော လိုင်စင်ကို ရုပ်သိမ်းသွားမည်ဖြစ်သည်-

(က) သဘော်သားကိုယ်စားလှယ်လုပ်ငန်း၏ ကုမ္ပဏီမှတ်ပုံတင် သက်တမ်းကုန်ဆုံးပြီး (၆) လအတွင်း သက်တမ်းတိုး မတင်ပြနိုင်ခြင်း၊

(ခ) ဦးစီးဌာနက သဘော်သားကိုယ်စားလှယ်လုပ်ငန်းသို့ ထုတ်ပေးထားသည့် လိုင်စင် သက်တမ်း ကုန်ဆုံးပြီးနောက် ၆လအတွင်း သက်တမ်းတိုး ဆောင်ရွက်မှုမရှိခြင်း၊

(ဂ) သဘော်သား ကိုယ်စားလှယ်လုပ်ငန်းသည် သဘောတူစာချုပ် (Agreement Contract)ပါသတ်မှတ်ချက်များနှင့်ညွှန်ကြားချက်ပါသဘော်သားကိုယ်စားလှယ်လုပ်ငန်းက လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအား ပျက်ကွက်ခြင်း၊

(ဃ) အာမခံအဖြစ်ထားရှိသည့် စပေါ်ငွေမှ လျော့နည်းသွားသည့်ငွေအား (၁)လအတွင်း ပြည့်လည်ဖြည့်တင်းထားရှိမှုမရှိခြင်း၊

(င) ယာယီလိုင်စင်သက်တမ်း ကာလအတွင်း သဘော်သားများ အလုပ်အကိုင် ရှာဖွေပေးနိုင်မှုမရှိခြင်း။

အရေးယူခြင်း

၁၆။ သဘော်သားကိုယ်စားလှယ်လုပ်ငန်းသည် ညွှန်ကြားချက်ပါ အလုပ်တာဝန် ဝတ္တရားများနှင့် လိုက်နာဆောင်ရွက်ရန် ရှိသည်များကို ပျက်ကွက်ခြင်း၊ ဖောက်ဖျက်ခြင်းများအတွက် ဦးစီးဌာနက အောက်ပါစီမံခန့်ခွဲရေး နည်းလမ်းများအရ အရေးယူသွားမည် ဖြစ်သည်-

(က) လိုင်စင်အားဆိုင်းငံ့ခြင်းနှင့် ရုပ်သိမ်းခြင်းအပြင် တည်ဆဲဥပဒေများအရ အရေးယူသွားမည့်ကိစ္စရပ်များ

(၁) လုပ်ငန်းဆောင်ရွက်ရာတွင် သဘော်သားများထံမှ ငွေကြေး၊ ဥစ္စာပစ္စည်း၊ ဝန်ဆောင်မှု သို့မဟုတ် စရိတ်စက တစ်မျိုးမျိုးကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တောင်းယူခြင်း သို့မဟုတ် လက်ခံရယူခြင်း ဆောင်ရွက်ပါကထုတ်ပေးထားသည့်လိုင်စင်အား ရုပ်သိမ်းခြင်းနှင့် မြန်မာကုန်သည် သဘော်အက်ဥပဒေအရတရားရုံးတွင် တရားစွဲဆိုအရေးယူခြင်း၊

(၂) သဘော်သား၏ ခံစားခွင့်ရှိသော လစာ/စရိတ်/အခြားရပိုင်ခွင့်များကို ခိုင်လုံသည့် အကြောင်းပြချက်မရှိဘဲ သိမ်းဆည်းထားခြင်း၊ အပြည့်အဝထုတ်ပေးရန် ပျက်ကွက်ခြင်းတို့အပေါ် ဦးစီးဌာနက ဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ခဲ့လျှင် ပထမအကြိမ်ဖြစ်ပါက သတိပေးခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ၆လ မှ ၁နှစ်အထိ အသုံးပြုခွင့်ဆိုင်းငံ့ထားခြင်း၊ တတိယအကြိမ် ဖြစ်ပါကလိုင်စင်အား ရုပ်သိမ်းခြင်း၊ ဦးစီးဌာနက ဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ထုတ်ပေးထားသည့်လိုင်စင်အား

ရုပ်သိမ်းခြင်းနှင့် တည်ဆဲဥပဒေများအရ တရားရုံးတွင်တရားစွဲဆို အရေးယူခြင်း။

(၃) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းက သင်္ဘောပိုင်ရှင်ကိုယ်စား တာဝန်ယူကျခံပေးရမည့်ကုန်ကျစရိတ်များကိုတာဝန်ထမ်းဆောင်သည့်သင်္ဘောသားက စိုက်ထုတ်ကျခံခဲ့ပါက အဆိုပါကုန်ကျစရိတ်များကို သက်ဆိုင်ရာသင်္ဘောသားသို့ သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းက ပြန်လည်ထုတ်ပေးရန် ပျက်ကွက်ခြင်းအပေါ်ဦးစီးဌာနက ဆုံးဖြတ်သည့်အတိုင်း လိုက်နာ ဆောင်ရွက်ခဲ့လျှင် ပထမအကြိမ်ဖြစ်ပါက လိုင်စင်အား ၃လ မှ ၆လအထိ အသုံးပြုခွင့် ဆိုင်းငံ့ထားခြင်း၊ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ၆လမှ ၁နှစ်အထိ အသုံးပြုခွင့် ဆိုင်းငံ့ထားခြင်း၊ တတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ရုပ်သိမ်းခြင်း၊ ဦးစီးဌာနက ဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ထုတ်ပေးထားသည့်လိုင်စင်အား ရုပ်သိမ်းခြင်းနှင့် တည်ဆဲဥပဒေများအရ တရားရုံးတွင် တရားစွဲဆိုအရေးယူခြင်း။

(ခ) လိုင်စင်အား ရုပ်သိမ်းခြင်း ဆောင်ရွက်သွားမည့်ကိစ္စရပ်များ

(၁) လိုင်စင်လျှောက်ထားခြင်းနှင့်လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်း တို့တွင် မှန်ကန်မှုမရှိသည့် အချက်အလက်များဖြင့် ဦးစီးဌာနသို့လိမ်လည် တင်ပြဆောင်ရွက်ခဲ့လျှင် ထုတ်ပေးထားသည့်လိုင်စင်အား ရုပ်သိမ်းခြင်း၊ တရားစွဲဆိုခြင်း၊

(၂) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၏ ဂုဏ်သိက္ခာ (သို့မဟုတ်) သင်္ဘောသားများ၏ ကျန်းမာရေးနှင့် ကိုယ်ကျင့်တရားကို ထိခိုက်နစ်နာစေသော အလုပ်နေရာများတွင် သင်္ဘောသားများကို စေလွှတ်တာဝန်ထမ်းဆောင်စေပါက ထုတ်ပေးထားသည့်လိုင်စင်အား ရုပ်သိမ်းခြင်း၊

(၃) သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းသည် ဦးစီးဌာနက တရားဝင်ထုတ်ပေးထားသည့်လိုင်စင်ကို သက်ဆိုင်ခြင်းမရှိသူအား လွှဲပြောင်းပေးခြင်း၊ အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက ထုတ်ပေးထားသည့်လိုင်စင်အား ရုပ်သိမ်းခြင်း၊

(ဂ) လိုင်စင်အား ဆိုင်းငံ့ခြင်းနှင့် ရုပ်သိမ်းခြင်းဆောင်ရွက်သွားမည့်ကိစ္စများ

(၁) ညွှန်ကြားချက်၏ အပိုဒ်(၁၀) အပိုဒ်ခွဲ(ဗ)အား ပျက်ကွက်ခြင်းအတွက် ပထမအကြိမ်ဖြစ်ပါက လိုင်စင်အား ၁ နှစ်မှ ၂နှစ်အထိ အသုံးပြုခွင့် ဆိုင်းငံ့ထားခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ရုပ်သိမ်းခြင်း၊ တရားစွဲဆိုခြင်း၊

(၂) ခရီးသွား စာရွက်စာတမ်းများကို အတုပြုလုပ်ခြင်း၊ ပြောင်းလဲခြင်းများ ဆောင်ရွက်၍တာဝန်ထမ်းဆောင်မည့်သင်္ဘောသားအား ဦးစီးဌာန၏ ထွက်ခွာခွင့်ပြုကြောင်းစာ ရရှိရန် မမှန်မကန်ဆောင်ရွက်၍ ဦးစီးဌာနခွင့်ပြုချက်ရထားခြင်းမရှိသည့် အခြားသင်္ဘောတစ်စီးသို့ စေလွှတ် တာဝန်ထမ်းဆောင်စေခြင်းအတွက် ပထမအကြိမ်ဖြစ်ပါက လိုင်စင်အား ၃လ မှ ၆လ ဆိုင်းငံ့ထားခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက ၁ နှစ်ဆိုင်းငံ့ထားခြင်း၊ တတိယအကြိမ်ဖြစ်ပါက လိုင်စင် ရုပ်သိမ်းခြင်း၊

(၃) သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်းဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ မမှန်မကန်ကြော်ငြာခြင်း၊ မှန်ကန်မှုမရှိသည့် သတင်းအချက်အလက်နှင့်စာရွက်စာတမ်းများ ဖြန့်ဝေခြင်းစသည်တို့ကို ဆောင်ရွက်ခြင်း တို့အတွက် ပထမအကြိမ်ဖြစ်ပါကလိုင်စင်အား ၃လမှ ၆လ အထိ အသုံးပြုခွင့်ဆိုင်းငံ့ထားခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ၆ လမှ ၁နှစ်အထိ အသုံးပြုခွင့် ဆိုင်းငံ့ထားခြင်း၊ တတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ရုပ်သိမ်းခြင်း၊

(၄) ဦးစီးဌာနက အတည်ပြုထားသည့် သဘောတူစာချုပ် (Agreement Contract) နှင့် အလုပ်အကိုင်စာချုပ် (Seafarers' Employment Agreement) များကို အစားထိုးခြင်းပြောင်းလဲခြင်းများ ဆောင်ရွက်၍ သင်္ဘောသားနှင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းကြောင့် သင်္ဘောသားအား နစ်နာမှုဖြစ်ပေါ်စေခဲ့လျှင် ပထမအကြိမ် ဖြစ်ပါက လိုင်စင်အား ၃လ မှ ၆လအထိ အသုံးပြုခွင့် ဆိုင်းငံ့ထားခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ၆လမှ ၁နှစ်အထိ အသုံးပြုခွင့် ဆိုင်းငံ့ထားခြင်း၊ တတိယအကြိမ်ဖြစ်ပါက လိုင်စင်အားရုပ်သိမ်းခြင်း၊ တတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ရုပ်သိမ်းခြင်း၊

(၅) စုဆောင်း၊ တာဝန်ထမ်းဆောင်စေသည့် သင်္ဘောသား၏ မြန်မာနိုင်ငံကူးလက်မှတ်၊ လုပ်သက်မှတ်တမ်းစာအုပ်၊ ကျွမ်းကျင်မှုလက်မှတ်/ တတ်ကျွမ်းမှုလက်မှတ်နှင့် သင်္ဘောသားပိုင်စာရွက်စာတမ်းနှင့် စာချုပ်များကို သိမ်းဆည်းထားခြင်း၊ ပြန်ပေးရန် ငြင်းဆိုခြင်းများ ဆောင်ရွက်ခဲ့လျှင် ပထမအကြိမ်ဖြစ်ပါက သတိပေးခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ၃ လမှ ၆လအထိ အသုံးပြုခွင့် ဆိုင်းငံ့ထားခြင်း၊ သတိပေးခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ၃လမှ ၆လ အထိ အသုံးပြုခွင့် ဆိုင်းငံ့ထားခြင်း၊ တတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ရုပ်သိမ်းခြင်း၊

(၆) ဦးစီးဌာနကအခါ အားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ ကြော်ငြာစာနှင့် ညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းအတွက်

ပထမအကြိမ်ဖြစ်ပါက သတိပေးခြင်း၊ ဒုတိယအကြိမ် ဖြစ်ပါက လိုင်စင်အား ၃လမှ ၆လအထိ အသုံးပြုခွင့်ဆိုင်းငံ့ထားခြင်း၊ တတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ရုပ်သိမ်းခြင်း၊

(၇) ဦးစီးဌာနသို့ တင်ပြရမည့် အစီရင်ခံစာများကို သတ်မှတ်ထားသည့် ကာလအတွင်း အချိန်မီ တင်ပြရန် ပျက်ကွက်ခြင်းအတွက် ပထမအကြိမ်ဖြစ်ပါက သတိပေးခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ၃လ မှ ၆လ အထိ အသုံးပြုခွင့် ဆိုင်းငံ့ထားခြင်း၊ တတိယအကြိမ် ဖြစ်ပါက လိုင်စင်အား ရုပ်သိမ်းခြင်း၊

(၈) ဌာနဆိုင်ရာကြေးအား (၃) လအထိ ပေးဆောင်ရန် ပျက်ကွက်ခြင်းအတွက် ပထမအကြိမ်ဖြစ်ပါက သတိပေး၊ ဒုတိယအကြိမ်ဖြစ်ပါက ၃ လမှ ၆လဆိုင်းငံ့၊ တတိယအကြိမ် ဖြစ်ပါက လိုင်စင်ရုပ်သိမ်းခြင်း၊

(၉) သင်္ဘောသားအား P&I အကာအကွယ်မရှိသော သင်္ဘောသို့ စေလွှတ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါ က လိုင်စင်ရုပ်သိမ်းခြင်း၊

(၁၀) ထူးခြားဖြစ်စဉ်အား အချိန်နှင့်တပြေးညီ သတင်းပို့ရန် ပျက်ကွက်ခြင်းအတွက် ပထမအကြိမ် ဖြစ်ပါကသတိပေး၊ ဒုတိယအကြိမ်ဖြစ်ပါက ၃လမှ ၆လဆိုင်းငံ့၊ တတိယအကြိမ်ဖြစ် ပါ က လိုင်စင်ရုပ်သိမ်းခြင်း၊

(၁၁) မိမိကုမ္ပဏီ၏ တရားဝင်လုပ်ပိုင်ခွင့်ရရှိထားသော သင်္ဘောများသို့ စေလွှတ်ခြင်းမဟုတ်ဘဲ ဌာနမှအသိအမှတ် မပြုထားသော ကုမ္ပဏီ၏ သင်္ဘောပေါ်သို့ အခကြေးငွေရယူ စေလွှတ်ပေးကြောင်း စစ်ဆေးတွေ့ရှိက လိုင်စင် ရုပ်သိမ်းခြင်း။

၁၇။ (၁၇-၇-၂၀၁၃) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၃ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မောင်မောင်ဦး
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ရညန/ သဘသ/ ဝန်ဆောင်မှု/ ၁၀၃၀
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်